တောင်ကြားကျေးရွာ

ဆားလင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ကြားကျေးရွာ၊ ဆားလင်းကြီးမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


**မာတိကာ** ၁

**စကားချီး** ၄

**တောင်ကြားကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဆားလင်းကြီးမြို့နယ်** ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၇

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ** ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၅

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၁၇

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၇

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၂

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၉

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၃**

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၅၈**

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

**ကိုးကားစာရင်း ၆၆**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၄**
**စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၅**

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသားများပူးပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်း ဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်သည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တောင်ကြားကျေးရွာ
ဆားလင်းကြီးမြို့နယ်

# တောင်ကြားကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဆားလင်းကြီးမြို့နယ်




**ရည်ညွှန်း** - တောင်ကြားကျေးရွာကျေးရွာ၊ငါးခုံကျေးရွာအုပ်စု၊ဆားလင်းကြီးမြို့နယ်တွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ပူးပေါင်း အကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ခုနှစ်၊ စက်တဘ်ာလ ၁၁ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြ ပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့် ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်

၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

တောင်ကြားကျေးရွာသည် စစ်ကိုင်းတိုင်း ယင်းမာပင်ခရိုင် ဆားလင်ကြီးမြို့နယ်တွင်တည် ရှိသည်။ ငါးခုံကျေးရွာအုပ်စုတွင်ပါဝင်ပြီး ဆားလင်းကြီးမြို့၏အရှေ့တောင်ဘက် (၁၃) မိုင်အကွာ ချင်းတွင် မြစ်ကမ်းအနောက်ဘက်၊ စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်း နယ်စပ်တွင်တည်ရှိသည်။ ကျေးရွာသည် ကုန်းမြင့်ဒေသပိုင်းဖြစ်၍ စိုက်ပျိုးမြေအတွက်မြေဆီလွှာညံ့သော မြေနီသဲဝန်း ကျောက်စရစ်ကုန်းမြေများ ပေါများသည်။ ကျေးရွာသည် ကုန်းပိုင်းတွင်ရှိသောကြောင့် ရေကြီး နစ်မြုပ်မှုမှ ကင်းလွတ်ပြီး ပင်လယ်နှင့် ဝေးသောကြောင့် ဆားငံရေဝင်ရောက်မှုမရှိပါ။

### (ခ)သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန် (၃၀)မှ(၄၀)လက်မကြားရသောဒေသဖြစ်၍ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်း ရေရှားရပ်ဝန်းဒေသဖြစ်သည်။ သဘာဝပေါက်ပင်များမှာ ထန်း၊ မန်ကျည်း၊ ဇီး၊ တမာ၊ ရှား၊ ထနောင်းနှင့် ဆူးဖြူပင်များပေါက်ရောက်သည်။ ကျေးရွာအနီးပါတ်ဝန်းကျင်တွင် ကျောင်စရစ် ကုန်းများရှိခြင်းကြောင့် ကျောက်ရစ်ကျောက်ထုတ်ယူနိုင်ခြင်း၊ လမ်းခင်းမြေသားများရရှိနိုင်ခြင်း၊ ကျောက်စရစ်ကုန်းမြေများကို သိုးဆိတ်စားကျက်အဖြစ် အသုံးပြုနိုင်သည်။ ကျေးရွာသားပိုင်မြေ ဧရိယာစုစုပေါင်း (၂၀၄)ဧက၊ ယာသီးနှံစိုက်ပျိုးဧက(၁၀၀)ရှိပြီး ပဲစဉ်းငုံ၊ နှမ်း၊ ကုလားပဲ၊ နှံစား ပြောင်း၊ ဂျုတ်၊ ခရမ်းချဉ်တို့ကို စိုက်ပျိုးကြသည်။ ငွေသာဆည်ရေပိုလွှဲမှရေကို မြောင်းဖြင့်သွယ်ယူ၍ လယ်မြေ(၇၇) ဧကကို မိုးစပါးစိုက်ပျိုးနိုင်သည်။ ကျေးရွာတွင် စားကျက်အဖြစ်အသုံးပြုနိုင်သော မြေ(၂၅)ဧကခန့် ရှိသည်။ ချင်းတွင်းမြစ် နှင့်နီးသော ဒေသဖြစ်၍မြစ်ရေကျဆင်းပါက သဲနုံးသောင် ကမ်းပေါ်တွင် ကြက်သွန်နီ၊ ဟင်းသီးဟင်းရွက်(၃၂)ဧက စိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်လက်များ

ကျေးရွာတွင်မိသားစုဝင်ပေါင်း (၁၈၂)စုရှိပြီး စုစုပေါင်းလူဦးရေ(၉၃၉)ဦး၊ ကျား(၄၆၆)ဦး၊ မ(၄၇၃)ဦး မှီတင်းနေထိုင်ကြသည်။ တစ်အိမ်ထောင်လျှင် ပျှမ်းမျှလူဦးရေ(၅)ဦးခန့် ရှိသည်။ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်(၇)ဦးများနေပြီး အဆိုပါလူဦးရေတွင် အလုပ်လုပ် နိုင်သူ အသက် (၁၅)နှစ်မှ (၆၀)နှစ်အတွင်းလူဦးရေ (၆၁၃)ဦးရှိသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် သင်ပြုးဖျာယက်လုပ်ခြင်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၈၈%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး ၂%သည် ချမ်းသာသည့်အဆင့်၊ ၁၀% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှုဧက၊ ဈေးကွက်လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းဧကအနည်းသာ စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ၏စီးပွါးရေးအနေအထားမှာ နိမ့်ကျသည်ဟုပြောနိုင်သည်။ ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပ အခြားလယ်သမားအိမ်ထောင်စုနှင့် လက်လုပ်လက်စားအချို့မှာလည်း သစ်ပင်ခုတ်သွားခြင်း၊ သင်ပြုးဖျာ ယက်လုပ်ရောင်းဝယ်ခြင်း၊ သိုးဆိတ်မွေးမြူခြင်း စသော လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာတွင် ဆင်းရဲအဆင့်သည် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ နေ့စားလုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အရေအတွက်မြင့်မားပြီး (၁၁၀) အိမ်ထောင်စု (၆၀%)ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ သင်ပြုးဖျာယက်လုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ သိုးဆိတ်မွေးဘက်ကျောင်း၊ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရရှိပြီး ဝမ်းစာဝယ်ယူစားသုံးကြသည်။ ကျေးရွာအိမ်ထောင်စုများ ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် (ဂ)ဆင်းရဲအဆင့်မှ အိမ်ထောင်စု၏ ၁၀%၊ (ဃ)အလွန်ဆင်းရဲအဆင့်မှ အိမ်ထောင်စု၏ ၁၀% ကိုတွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ယူပါသည်။ ကျေးရွာမှ အိမ်ထောင်စုများ၏ ၅၅%ဖြစ်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ (၁၀၀) အိမ်ထောင်စုသည် တနှစ်တွင်အများဆုံး ရက်ပေါင်း(၃)လနှင့်အောက်သာ ဝမ်းစာဖူလုံသည်။ ကျန်အချိန်များတွင် တနေ့လုပ်တနေ့စားအဖြစ် ရပ်တည်ရသည်။ ကျေးရွာအိမ်ထောင်စု၏ ၃၄%ဖြစ်သော (၆၄)အိမ်ထောင်စုသည် လယ်မြေအနည်းငယ်ပိုင်ဆိုင်ပြီး သီးနှံထွက်ရှိမှုကြောင့် လေ့လာဆန်းစစ်မှုအရ ဝမ်းစာ(၃)လမှ (၅)လကြား ဝမ်းစာဖူလုံကြသည်။ ယင်းတို့၏ ကျန်၁၁%ဖြစ်သော (၂၀) အိမ်ထောင်စုမှာတနှစ်စာ ဝမ်စာဖူလုံပြီး သူတပါးထံမှ  မချေးမငှါးဘဲ စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။

### (ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးများ အအေးမိရောဂါ ဖြစ်ပွားတတ်ပြီး လူငယ်၊လူကြီးများတွင် မိုးရာသီတွင်တုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ ကျေးရွာတွင်

ဆန်အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်အကိုင်အထိုက်လျောက်အဆင်ပြေခြင်း၊ မိသားစုများ နေ့စဉ်ဝင်ငွေအသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ၊ ကလေးသူငယ်များ အပါအဝင် ယေဘူယျအားဖြင့် အဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။ ကျေးရွာမူလတန်းကျောင်းမှလည်း ကလေး သူငယ်များ အဟာရဓာတ်ကျွေးမွေးရေးအစီအစဉ်များဆောင်ရွက်လေ့ရှိသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာသည် ဆားလင်းကြီးမြို့နယ် ကုန်းတွင်းပိုင်းကျရောက်သောကြောင့် ယခင်က သွားလာရေးခက်ခဲပြီး ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် နိမ့်ကျခဲ့ကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရသူတစ်ဦးသာ ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်းကျောင်း၊ အလယ်တန်းပညာကို ရွာအနီးငါးခုံအုပ်စု၊ အထက်တန်းကျောင်းကို ဆားလင်းကြီးမြို့တို့တွင် တက်ရောက် သင်ကြား နိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ် များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမ ဆက်နွယ်မှု

ကျေးရွာတွင် ကျားမတန်းတူ အခွင့်အရေးရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင် တွင် အမျိုးသမီးများသည် မျိုးစေ့ချ၊ ပဲရိတ်ခြင်း၊ အမျိုးသားများသည် ယာထွန်ခြင်းစသည်ဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ယဉ်ကျေးမှုပွဲတော်များ အမျိုးသားနှင့် အမျိုးသမီးများသည် ပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်ခပိုမိုရရှိကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေးရှိပါသည်။

# ၄။ ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုအဖွဲ့အစည်း (၅)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့နှင့် ဖွံ့ဖြိုးရေး ဆိုင်ရာရေးဆိုင်ရာဖွဲ့ထောက်တစ်ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့များအနက် မီးသတ်အဖွဲ့သည် လူမှုရေး ဆိုင်ရာအဖွဲ့ဖြစ်ပြီး ၎င်းအဖွဲ့မှာ နွေရာသီတွင်လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ နာရေး ကူညီမှုအသင်းဟူ၍ သီးသန့်မရှိဘဲ အရေးပေါ်နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို

လူငယ်များပါဝင်ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘော တရားတို့နှင့် ပါတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း များရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

မိုးရာသီငွေသာဆည် ရေပိုလွှဲမှုရေကိုမြောင်းဖြင့် ရေသွယ်ယူ၍ မိုးစပါး (၇၇)ဧကစိုက်ပျိုး နိုင်ပြီး နှစ်စဉ်စပါးတင်းရေ(၅၀၀၀)ခန့် ထွက်ရှိသည်။ ကျေးရွာကုန်းမြင့်ဒေသ ယာမြေများတွင် ရှာသွန်းသောမိုးဖြင့် ယာသီးနှံ(၁၀၀)ဧကကို ပဲစဉ်းငုံ၊ နှမ်း၊ ပြောင်းစိုက်ပျိုးကြသည်။ ထန်းတော ပိုင်သောမိသားစုများသည် ထန်းလျက်ချက်ခြင်းကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် သိုးဆိတ် စားကျက်များရှိခြင်းကြောင့် အိမ်ထောင်စု(၁၁)စုသည် သိုးဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ပြီး ကောင်ရေ(၅၀၀)ခန့် မွေးမြူထားသည်။ အချို့အိမ်ထောင်စုများသည် ကိုယ်ပိုင်မွေးမြူနိုင်ပြီး အချို့သည် ထိန်းကျောင်းခြင်း ဝန်ဆောင်မှုပေး၍ တစ်ဝက်စားမွေးမြူကြသည်။ မြစ်ရေကျသဲနုံးမြေ ပေါ်တွင် ကြက်သွန်နီ (၃၂)ဧက ခန့် စိုက်ပျိုးပြီး ပိဿာချိန်(၇၀၀၀)ထွက်ရှိသည်။

**(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာအိမ်ထောင်စုများသည် နှစ်စဉ်သီတင်းကျွတ်လတွင် ချင်းတွင်းမြစ်အထက်ပိုင်း ဒေသသို့ သစ်ပင်ခုတ်ရန် ခရီးထွက်ကြသည်။ ယင်းဒေသတွင်(၆)လကြာ သစ်ပင်ခုတ်ယူ စုဆောင်းသောလုပ်ငန်း လုပ်ကိုင်ပြီးနောက် တန်ခူးလတွင်ကျေးရွာသို့ ပြန်လည်ရောက်ရှိလာပြီး နွေနှင့်မိုးရာသီတွင် အဆိုပါကုန်ကြမ်းများဖြင့် သင်ပြူးဖျာယက်လုပ်ခြင်းကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် ထန်းတောများရှိပြီး ကျေးရွာအိမ်ထောင်စု(၁၂)စုသည် ထန်းတက်ခြင်း၊ ထန်းလျက် ချက်သောလုပ်ငန်းကို လုပ်ကိုင်ကြသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် သဘာဝအလျောက် ပေါက်ရောက်သောသစ်ပင်များသည် ထင်းလောင်စာ ထုတ်ယူခြင်းကြောင့် သစ်တောပြုံးတီးမှုနှင့် ရင်ဆိုင်နေရသည်။ သစ်တောဌာနမှ မိုးရာသီသစ်ပင် စိုက်ပျိုးရေး ဆောင်ရွက်သော်လည်း သိုးဆိတ်များလွှတ်ကျောင်းမှုကြောင့် စိုက်ပျိုးပင်များ ပျက်စီးခြင်းကြုံတွေ့ရသည်။ နှစ်စဉ်ပြောင်း၊ ပဲစဉ်းငုံ၊ နှမ်းသီးနှံစိုက်ပျိုးခြင်းနှင့် နွားချေးသစ်ရွက် ဆွေး စသောသဘာဝမြေသြဇာများ မထည့်သွင်းနိုင်ခြင်းကြောင့် စိုက်ပျိုးမြေဆီလွှာများ ကျဆင်း လာကြောင်း တွေ့ရသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဆားလင်းကြီးမြို့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုရရှိပြီး ယာသီးနှံ တစ်ဧကလျှင် (၂၀၀၀၀)ကျပ်နှုန်း ချေးငွေရရှိသည်။ ချေးငွေကာလမှာ(၆)လခန့်ဖြစ်၍ အတိုးနှုန်းမှာ တနှစ်လျှင် (၄.၂)%ဖြစ်သည်။ ဆားလင်းကြီးမြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုဆောင်းခြင်း၊ ငွေလွှဲခြင်းများ ဆောင်ရွက်နိုင်သည်။ ကျေးရွာသည်မိုးစပါး(၇၇)ဧက စိုက်ပျိုးသော်လည်း မြေစာရင်းဦးစီးဌာနတွင် ယာမြေမှလယ်မြေပြောင်းလဲမှတ်ပုံတင် မပြုလုပ်နိုင်သေးသောကြောင့် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေနှုန်းဖြင့် ချေးငွေမရရှိပါ။ သမဝါယမချေးငွေ ဝန်ဆောင်မှုရရှိပြီး ကျေးရွာ အဖွဲ့ဝင်ဦးရေ (၈၈)ဦးကိုချေးငွေထုတ်ချေးထားပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

### ပညာရေး

ကျေးရွာသည် ဆားလင်းကြီးမြို့နယ် အတွင်းပိုင်းကျရောက်သောကြောင့် သွားလာရေးခက်ခဲပြီး ပညာရေးအဆင့်အတန်းနိမ့်ကျသည်။ မူလတန်းကျောင်းသားဦးရေ(၁၄၄)ဦး၊ အလယ်တန်းကျောင်းသာဦးရေ(၂၀)ဦး၊ အထက်တန်းကျောင်းသားဦးရေ(၉)ဦးရှိပြီး တက္ကသိုလ်ဘွဲ့ရသူ(၆)ဦးရှိပါသည်။ ကျေးရွာမူလတန်းကျောင်းဆောင် (အလျား ၆၀ × အနံ ၃၀ × အမြင့် ၁၂ ပေ) သည် ကောင်းမွန်ပြီး ဆရာ/ ဆရာမဦးရေ (၃)ဦးသည် လုံလောက်မှုမရှိကြောင်း တွေ့ရသည်။ မူလတန်းကျောင်း၏ တပည့်ဆရာအချိုးမှာ (၄၈)ဖြစ်သည်။ ကျေးရွာရပ်မိရပ်ဖများမှ ဆရာ/ဆရာမများနေထိုင်ရေးကို စီစဉ်ပေးလေ့ရှိပြီး ရွာဦးကျောင်းဆရာတော်မှလည်း နံနက်စာ ထောက်ပံ့ပေးလေ့ရှိပါသည်။ မိုးရာသီချင်းတွင်းမြစ်ရေကြီးလျှင် ဆရာများသွားလာရေး ခက်ခဲသောကြောင့် ကျောင်းစာသင်ရက်ပျက်ပြီး နှစ်စဉ်(၄)ပါတ်ခန့်ထိ ရှိတတ်ပါသည်။ ကျေးရွာမှ အလယ်တန်းကျောင်းသားများသည်လည်း မိုးများရေကြီး လျှင်ချောင်းရေစီးလျှင်ရွာနီးမှ ငါးခုံကျေးရွာအလယ်တန်းကျောင်းသို့ မတက်ရောက်နိုင်ကြပါ။

### ကျန်းမာရေး

ကျေးရွာသားများသည်အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးဆေးရုံဆေးပေးခန်းများနှင့်လက်လှမ်းမီခြင်းရှိကြပါသည်။ ပေါင်းဝကျေးရွာဆေးပေးခန်းမှ ကိုယ်ဝန်ဆောင်မိခင်များအတွက်ကျန်းမာရေးစောင့်ရှောက်မှုနိုင်သကဲ့သို့ ကလေးငယ်များအတွက်လည်း ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များလဲလက်လှမ်းမီခြင်း ရှိပါသည်။ မြို့နယ်ကျန်းမာရေးဌာနမှ ကျေးရွာအတွက်သားဖွားဆရာမတစ်ဦးခန့်ထားပေးပြီး ကျေးရွာမှနေထိုင်ရန်စီစဉ်ပေးထားပါသည်။ ကျေးလက်

ဆေးပေးခန်းဆောက်ရန် ရွာသားများထည့်ဝင်ငွေဖြင့် မြေနေရာဝယ်ယူထားပြီးဖြစ်ပါသည်။ ကျေးရွာသည် ဆားလင်းကြီးမြို့နှင့် (၁၂)မိုင်ဝေးသောကြောင့် အရေးပေါ်ကျန်းမာရေးကိစ္စများအတွက် အနည်းငယ်အခက်အခဲရှိပါသည်။

**ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်သောက်သုံးရေကန်(၁)ကန်ရှိပြီးရွာနှင့် ဝေးသောကြောင့် အသုံးမပြုနိုင်ကြပါ။ မိုးရွာသွန်းမှုနည်းပါးလာသောကြောင့် နှစ်စဉ် နွေရာသီတွင်သောက်သုံးရေ ပြတ်လပ်မှုကြုံတွေ့နေရသည်။ ကျေးရွာတောင်ဘက် ယမားသဲချောင်းမှ သောက်သုံးရေရရှိပြီး၊ ရေရှားပါးသော ကျေးရွာဖြစ်သောကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးအဆင်အတန်းနိမ့်ကျသည်။ ရွာအနီးယမားသဲ ချောင်းတွင်ရေတုံကင်(၅)တွင်းရှိပြီး ရေခပ်ယူသုံးစွဲရပါသည်။ ရေကိုပလပ်စတစ်ရေပုံးများဖြင့် သယ်ယူရပါသည်။ ကျေးလက်ဦးစီးဌာနမှ ရွာပြင်တွင် စက်ရေတွင်းတူးဖော်ပေးပြီး ရွာတွင်းရေပိုက်လိုင်းဖြင့် ရေသွယ်ယူနိုင်ရန် ဆောင်ရွက်နေပါသည်။ ရေမှာင်နေသောကြောင့် ရွှေ့ပြောင်းတူးဖော်ရန် ရွာသားများနှင့်ဆွေးနွေးနေပါသည်။ ကျေးရွာအိမ်ထောင်စု(၁၈၂)တွင် ယင်လုံအိမ်သုံးစွဲနိုင်သော အိမ်ထောင်စုမှာ(၄၀)ရှိပြီး ပလပ်စတစ်အမှိုက်များကိုလည်း စနစ်တကျ အညစ်အကြေးစွန့်ပစ်မှုမရှိပါ။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။ လူငယ်တို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင် ရှင်ပြုအလှူတော်မင်္ဂလာပွဲကျင်းပလျှင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်နိုင်ခြင်း မရှိသေးချေ။ ကျေးရွာသည် ဗုဒ္ဓဘာသာဝင်များနေထိုင်သော ကျေးရွာဖြစ်သောကြောင့် နှစ်စဉ်ဝါကျွတ်ပွဲတော်ကို နှစ်စဉ်ရိုးရာအစဉ်အလာအတိုင်း ကျင်းပပါသည်။ နှစ်သစ်ကူးသင်္ကြန်ကာလတန်ခူးလတွင် လူငယ်များသည် ရေကစားခြင်း၊ လူကြီးများသည် ဘုန်းတော်ကြီးကျောင်းတွင် ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြင့် ဗုဒ္ဓဘာသာရိုးရာ အစဉ်အလာနှင့်အညီ ဆောင်ရွက်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦ - လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး လက်လှမ်းမှီ မှု၊**

ကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့် (၈)မိုင်ခန့်ကွာဝေးပြီး လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိပါ။ ဆက်သွယ်ရေးကွန်ယက်များနှင့် လက်လှမ်းမီခြင်းရှိပြီး ကျေးရွာသားအများစု လက်ကိုင်ဖုန်းများသုံးစွဲနိုင်ကြပြီး ၎င်းဆက်သွယ်ရေးကွန်ယက်မှ သတင်းအချက်လက်များရရှိကြပါသည်။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးထားသောကြောင့် သွားလာရေးအဆင်ပြေပြီး အချို့နေရာများမိုးရာသီတွင် ရေကျော်တံတားများ မရှိသောကြောင့်

ကောင်းမွန်စွာသွားလာ၍မရပါ။ မိုးရာသီကုန်ဆုံးပါက ဆားလင်းကြီးသို့ ဆိုင်ကယ်၊ မော်တော်ကားများ သွားလာနိုင်ပါသည်။ ကျေးရွာသားများသည် စုပေါင်းထည့်ဝင်ငွေဖြင့် လျှပ်စစ်မီးသွယ်တန်းရန် ဆန္ဒရှိနေကြပြီး မြို့နယ်လျှပ်စစ်ဌာနနှင့် ဆွေးနွေးတိုင်ပင်နေပါသည်။

### (ဈ) ရပ်ရွာအေးချမ်းသာယာရေး နှင့် လုံခြုံရေး

တောင်ကြားကျေးရွာ၊ ငါးခုံကျေးရွာအုပ်စုတွင် ပါဝင်သည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲရာအိမ်မှူးတို့သည် ကျေးရွာရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် ကျေးရွာစီမံအုပ်ချုပ်ရေးကို ဆောင်ရွက်ကြသည်။ ဆားလင်းကြီးမြို့မရဲစခန်းနှင့် ပေါင်းဝနယ်မြေရဲကင်းမှ လုံခြုံရေးဝန်ဆောင်မှုများရရှိပြီး ကျေးရွာတွင်ကြီးမားသော ရာဇဝတ်မှုများဖြစ်ပွားလေ့မရှိပါ။ ကျေးရွာသည် ပေါင်းဝရွာနယ်မြေရဲကင်းအပိုင် ကျေးရွာဖြစ်သောကြောင့် နယ်ထိန်းရဲများကင်းလှည့်ပြီး လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပေးပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

ကျောက်စရစ်ကုန်းမြေများပေါများခြင်းကြောင့် သနပ်ခါးခြံများတည်ထောင်ရန် ယာမြေကျယ်ဝန်းခြင်း၊ စားကျက်မြေလုံလောက်မှုရှိပြီး သိုးဆိတ်မွေးမြူရေးလုပ်ငန်း ကောင်းမွန်စွာဆောင်ရွက်နိုင်၍ မွေးမြူရေးထွက်ကုန် သိုးသားဆိတ်သားများ ရနိုင်ပြီး ဒေသတွင်းအသားစည်သွတ်စက်ရုံလုပ်ငန်း ရင်းနှီးမြှုပ်နှံရန်အခြေနေကောင်းများ ရှိပါသည်။ ဆားလင်းကြီးမြို့တွင် ချည်မျှင်နှင့်အထည်စက်ရုံတည်ရှိပြီး အထည်ယက်/ချုပ်လုပ်ငန်း ယခုထက်ပိုမိုဖွံ့ဖြိုးလာပါက စက်မှုကုန်ကြမ်းဝါသီးနှံဈေးကောင်းရရှိနိုင်ပြီး ဝါစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးလာနိုင်ခြေရှိသည်။ မုံရွာ၊ ဆားလင်းကြီး၊ ကြေးနီမိုင်းနှင့်နီးသောကြောင့် လုပ်သားဈေးကွက်သို့ ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းခြင်း ဆားလင်းကြီးမြို့သို့ သွားရောက်၍ ချည်မျှင်နှင့် အထည်ယက်လုပ်သောလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးလုပ်ငန်း၊ ဝမ်ပေါင်ကြေးနီစက်ရုံများ စသည်တို့တွင် သွားရောက်လုပ်ကိုင်နိုင်သည်။ ၎င်းပြင် စိုက်ပျိုးရေးသွင်းအားစုများ၊ ထုတ်ကုန်များအတွက် ကုမ္ပဏီများနှင့်တိုက်ရိုက်ဆက်သွယ်နိုင်ခြင်း မွေးမြူရေး၊ စိုက်ပျိုးရေးထွက်ကုန်များအား မုံရွာဈေးကွက်သို့ တိုက်ရိုက်ရောင်းဝယ်မှုများ ပြုလုပ်နိုင်ခြင်းပြုလုပ်နိုင်ပါသည်။ ကျေးရွာသည် ကုန်းမြင့်ဒေသပိုင်းဖြစ်၍ သိုးဆိတ်စားကျက်ပေါများသောကြောင့် သိုးဆိတ်မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် မြေလွတ်ကုန်းမြေများရှိခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်းကြောင့် အသားစားကျက်များမွေးမြူရန် အလားအလာကောင်း

များလည်း ရှိပါသည်။ မုံရွာမြို့ဈေးကွက်နှင့်လက်လှမ်းမီခြင်း၊ မွေးမြူရေးနှင့်ပါတ်သက်သော ဝန်ဆောင်မှုအချို့လည်း ရရှိနိုင်ပါသည်။

## (ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် သင့်တင့်သောအတိုးနှုန်းဖြင့် ချေးငွေ လက်လှမ်းမီရန်လိုအပ်ပါသည်။ ထို့ပြင်ကျေးရွာတွင် သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသောကြောင့် ဖြေရှင်းရန်နည်းလမ်းသစ်များရှာဖွေရမည် ဖြစ်ပါသည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများ၏ အကူအညီလိုအပ်နေမှုများသည် ကျေးရွာသားများအတွက် အဓိကစိန်ခေါ်မှုများဖြစ်ပါသည်။ ၎င်းပြင် အိမ်တိုင်းစေ့ယင်လုံအိမ်သာ သုံးစွဲနိုင်ရန်နှင့် သောက်သုံးရေဖူလုံရေးတို့သည်လည်း ကျေးရွာအတွက် ရင်ဆိုင်နေရသည့် အခက်အခဲများ ဖြစ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

### ရည်မှန်းချက်ပန်းတိုင်

၁။ ကျေးရွာလျှပ်စစ်မီးလင်းရေးကိစ္စ ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/ကျေးရွာသားတို့၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေမည်။

၂။ အသားစားကြက်၊ သိုးဆိတ်မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသားတို့၏ ဝင်ငွေတိုးတက်မြင့်မားလာစေမည်။

၃။ ကျေးရွာသားများသောက်သုံးရေဖုလုံစေပြီး ကျန်းမာရေးပညာပေးအစီအစဉ်များဆောင်ရွက်ခြင်းဖြင့် ကျေးရွာသားများ ကျန်းမာရေးဗဟုသုတ ပြည့်ဝလာစေပြီး အိမ်တိုင်းစေ့ယင်လုံအိမ်သာသုံးစွဲတတ်လာစေရမည်။

### ဆောင်ရွက်မည့်နည်းဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုဖွဲ့စည်းပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုကိုရယူ၍ မြို့နယ်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ တင်ပြပြီး ကျေးလက်လျှပ်စစ်မီးလင်းရေး ဆောင်ရွက်မည်။ ငွေကြေး၊ နည်းပညာဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ချေးငွေရရှိအောင်ဆောင်ရွက်ပြီး အသားစားကြက်၊ သိုးဆိတ်မွေးမြူရေး တိုးချဲ့လုပ်ကိုင်မည်။ ကျေးရွာကျန်းမာရေးကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျန်းမာရေးဌာနသို့တင်ပြ၍ ကျန်းမာရေးပညာပေးအစီအစဉ်များ ရရှိအောင်ဆောင်ရွက်ခြင်းဖြင့် အိမ်တိုင်းစေ့ယင်လုံအိမ်သာသုံးစွဲရေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

### (က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး အစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးရွေးချယ်ခဲ့ကြသည့် လုပ်ငန်းစီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေး ဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဆက်လက်ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။

ကျုန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် နှစ်အလိုက် ဘတ်ဂျတ်နှင့် ငွေကြေးရရှိနိုင်ရာများအပါအဝင် စီမံကိန်း၊ စီမံချက်များကို အချိန်နှင့်တပြေးညီ ဖြည့်စွက်ရေးသွင်းနိုင်ရန် လမ်းဖွင့်ပေးထားသည်။ ကျေးရွာ၏ဦးစားပေးလုပ်ငန်းများသည် သင့်တော်သော အရေးယူ ဆောင်ရွက်မှု လိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်လာမှု၊ အတွေးအမြင်နှင့် မဟာဗျူဟာအသစ်များ ပေါ်ထွက်လာမှု၊ သဘာဝဘေးအန္တရာယ်၊ ဒေသတွင်းပဋိပက္ခ ကဲ့သို့သော အခြားအကြောင်းအရာများ

ဖြစ်ပွါးမှုတို့ပေါ်မူတည်ပြီး ပြောင်းလဲမှုရှိနိုင်သည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပါတ်လည်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

## ( ခ ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီး မြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ အရင်းအနှီး၊ စွမ်းရည်မြှင့်တင်ရေး၊ အရင်းအနှီးနှင့် စွမ်းရည်မြှင့်တင်ရေး နှစ်ရပ်လုံး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

***လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း*** *(Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်အခြားများကို သိရှိစေနိုင်သည်။

***ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း*** *(Economic classification)* တွင်

- ငွေကြေးရင်းနှီးမြှုပ်နှံမှု
- စွမ်းရည်မြှင့်တင်ရေး
- အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းရည်မြှင့်တင်ရေး ပေါင်းစပ်လျက်)
- အရေးပေါ် အထောက်အပံ့တို့ ပါဝင်သည်။

## (၈) ဦးစားပေး စီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သားအုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **စီမံအုပ်ချုပ်မှု** | ၁။ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် | ၄၀ | ၉ | လက်ရှိအဖွဲ့အစည်းများ၏စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုစွမ်းဆောင်ရည်များကိုတည်ဆောက်မည်၊ အသက်မွေးဝမ်းကျောင်းအဖွဲ့၊ စီးပွါးရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေးကူညီဆောင်ရွက်မည်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် မြို့နယ်နှင့်ပြင်ပအထောက်အပံ့များ ရရှိအောင် ဆောင်ရွက်မည်။ | **ကျေးလက်ဦးစီး** |
| **စိုက်ပျိုးရေး** | ၂။သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများအား လက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | ၅၈ | ၆ | သီးနှံရောဂါကာကွယ်နှိမ်နင်းနည်း၊ မျိုးကောင်းမျိုးသန့်များရရှိရေး စသည့်နည်းပညာဝန်ဆောင်မှုများ ရရှိရန် ဆောင်ရွက်မည့်အစီအစဉ် ဖြစ်သည်။ | |
| | ၃။ကျေးရွာလယ်ယာ မြေရေသွင်းဆည်မြောင်း စနစ်ကောင်းမွန်ရေး | ၄၃ | ၈ | ကျေးရွာတွင်းစပါးစိုက်ပျိုးသောလယ်သမားအဖွဲ့ဖွဲ့စည်းမည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ပူးပေါင်း | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | ပြီး ကျေးလက်ဦးစီးဌာနသို့တင်ပြ၍ စပါးခင်း ရေသွယ် မြောင်းပေ(၃၀၀)အုတ်စီခြင်းပြုပြင် လုပ်ငန်းနိုင်ရန် ဆောင်ရွက်မည်။ | |
| **မွေးမြူရေး** | ၄။တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်တိရိစ္ဆာန်မွေးမြူ ရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ခြင်း | ၄၈ | ၇ | သိုးဆိတ်စီးပွားဖြစ်မွေးမြူရေးနှင့်ဝက်မျိုးကောင်း များ မွေးမြူနိုင်ရေးအတွက် နည်းပညာဝန်ဆောင် မှုများ လက်လှမ်းမီရေးဆောင်ရွက်မည့် အစီအစဉ် ဖြစ်သည်။ | |
| **ဘဏ်စနစ်နှင့် ငွေရေးကြေးရေး လုပ်ငန်းများ** | ၅။ငွေကြေးဝန်ဆောင်မှုလက်လှမ်းမီမှုတိုးတက် အောင်ဆောင်ရွက်ခြင်း | ၇၃ | ၃ | စိုက်ပျိုးစရိတ်ချေးငွေ၊တိရိစ္ဆာန်မွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများ တိုးတက်ရေးအတွက် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ စွမ်းရည်များမြှင့်တင်ခြင်း၊ ကျေးရွာအဖွဲ့စည်းများ ကိုယ်တိုင်စီမံခန့်ခွဲသော ငွေစုငွေချေးစနစ်တည် ထောင်ခြင်း၊ ငွေကြေးဝန်ဆောင်မှုပေးသော အဖွဲ့ အစည်းများ ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းတို့ ပါဝင် ပါမည်။မြို့နယ်မြေစာရင်း ဌာနသို့တင်ပြပြီး စပါး စိုက်လယ်မြေပြောင်းလဲမှတ်ပုံတင်ဆောင်ရွက်ခြင်း၊ စပါးသီးနှံချေးငွေရရှိရေး ဆောင်ရွက်မည်။ | |
| **ကျန်းမာရေး** | ၆။ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်း မှီရေး | ၆၅ | ၂ | ကျန်းမာရေးဦးစီးဌာနသို့တင်ပြ၍ ကျေးလက်ဆေး ပေးခန်းဆောက်လုပ်နိုင်ရန်တင်ပြခြင်း၊ ကျေးရွာ ကျန်းမာရေးကော်မတီဖွဲ့စည်းပြီး ကျန်းမာရေးပညာ ပေးအစီအစဉ်များရရှိနိုင်ရန်ဆောင်ရွက်မည်။ | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြ၍ ကျေးလက်ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်မည်။ | |
| | ၇။ကျေးရွာတွင်းသောက်သုံးရေဖူလုံမှုရှိလာစေရေးနှင့်ကျေးရွာတွင်းသောက်သုံးရေပိုက်လိုင်းစနစ်ဖြင့် ဖြန့်ဝေခြင်း | ၆၉ | ၄ | ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြ၍ စက်ရေတွင်းပြုပြင်နိုင်ရန်ဆောင်ရွက်မည်။ ကျေးရွာတွင်းရေပိုက်များသွယ်တန်း၍ သောက်သုံးရေ ဖြန့်ဝေရေး ဆောင်ရွက်မည်။ | |
| **ပညာရေး** | ၈။ကျောင်းသုံးပရိဘောဂဖြည့်ဆည်းရေး | ၆၀ | ၅ | ကျေးရွာပညာရေးကော်မတီဖွဲ့စည်းပြီး ပညာရေးဌာနသို့ တင်ပြဆောင်ရွက်မည်။ | |
| **ကျေးရွာအဆောက်အအုံ** | ၉။ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်းစီမံကိန်း | ၁၀၀ | ၁ | ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်း၍ မြို့နယ်လျှပ်စစ်ဌာနသို့ ဆက်သွယ်တင်ပြပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်မည်၊ ကျေးရွာသားများထံမှထည့်ဝင်ငွေရရှိရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဆွေးနွေးပြီး အစည်းအဝေးတရပ်ကျင်းပမည်။ | |

**(ဃ) စီမံချက် အချိန်ဇယား**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပါတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| **စီမံကိန်း** | **ဦးစားပေး အဆင့်** | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း | ၁ | —— | | | | |
| ၂။ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်း မှီရေး | ၂ | —— | —— | | | |
| ၃။ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီမှု တိုးတက်အောင်ဆောင်ရွက်ခြင်း | ၃ | —— | —— | | | |
| ၄။ကျေးရွာတွင်းသောက်သုံးရေဖူလုံမှုရှိလာ စေရေးနှင့် ကျေးရွာတွင်းသောက်သုံးရေ ပိုက်လိုင်းစနစ်ဖြင့် ဖြန့်ဝေခြင်း | ၄ | | —— | | | |
| ၅။ကျောင်းသုံးပရိဘောဂဖြည့်ဆည်းရေး | ၅ | —— | | | | |
| ၆။သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများအားလက်လှမ်း မီအောင်ဆောင်ရွက်ခြင်း | ၆ | —— | —— | —— | —— | —— |
| ၇။တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင် နိုင်အောင်ဆောင်ရွက်ခြင်း | ၇ | —— | —— | —— | —— | |
| ၈။ကျေးရွာလယ်ယာမြေရေသွင်းဆည် မြောင်းစနစ်ကောင်းမွန်ရေး | ၈ | —— | | | | |
| ၉။ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ် | ၉ | —— | —— | —— | —— | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက်

အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာလျှပ်စစ်မီးလင်းရေး | | | √ | | |
| ၂ | ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီရေး | | | √ | | |
| ၃ | ငွေကြေးဝန်ဆောင်မှုလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | | | √ | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၄ | ကျေးရွာတွင်းသောက်သုံးရေဖူလုံမှုရှိလာစေရေးနှင့်ကျေးရွာတွင်းသောက်သုံးရေပိုက်လိုင်းစနစ်ဖြင့်ဖြန့်ဝေခြင်း | | | √ | | |
| ၅ | ကျောင်းသုံးပရိဘောဂဖြည့်ဆည်းရေး | | | √ | | |
| ၆ | သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | | | √ | | |
| ၇ | တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်အောင်ဆောင်ရွက်ခြင်း | | | √ | | |
| ၈ | ကျေးရွာလယ်ယာမြေရေသွင်းဆည်မြောင်းစနစ်ကောင်းမွန်ရေး | | | √ | | |
| ၉ | ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည် ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး

အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင် အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက် လုပ်ရေးဦးစီးဌာနနှင့်ဆက် သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီး ဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

တောင်ကြားကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ

စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

### (၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဥ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဥ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို

အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### ၁.၁။ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁)တောင်ကြားကျေးရွာ၏ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၁၀ | ၁၆ | ၂၆ | ၃ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၃၄ | ၂၉ | ၆၃ | ၇ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၇၅ | ၆၉ | ၁၄၄ | ၁၅ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၄၃ | ၃၀ | ၇၃ | ၈ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၂၉၂ | ၃၂၁ | ၆၁၃ | ၆၅ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၁၂ | ၈ | ၂၀ | ၂ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၄၆၆** | **၄၇၃** | **၉၃၉** | **၁၀၀** | |
| **အိမ်ထောင်စုပေါင်း ၁၈၂** | | | | | **တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေ ၅ ဦး** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၁ ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

### ၁.၂။ အလုပ်လုပ်နိုင်သူအင်အား

ဇယား ( ၂ ) တောင်ကြားကျေးရွာ၏ လုပ်သားအင်အား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁ | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၂ | ၄၀ | ၀ | လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ဆောင်သည့် အိမ်ထောင်စု များဖြစ်ကြသည်။ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | *တိရိစ္ဆာန် မွေးမြူရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၆ | ၀ | သိုးဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၅ | *ထုတ်ကုန်လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၂ | ၂၈ | ၀ | ထန်းလျက်ချက်၊ သင်ဖြူးယက် လုပ်ငန်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၃ | ၀ | ပန်းရံ၊လက်သမားအဓိက လုပ်ကိုင်သည့်အိမ်ထောင်စု |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၃ | ၀ | ကုန်စုံဆိုင်၊အိမ်ဆိုင်၊ စက်သုံးဆီ ရောင်းဝယ်ရေး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၅ | ၀ | အစိုးရဌာနစာရေးမ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၆ | ၁၉.၅ | ၀ | ကြုံရာကျပန်းလုပ်ကိုင်ကြသည် |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၁၈၂** | **၁၀၀** | **၈၀** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၁ ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

**လေ့လာတွေ့ရှိချက်**

အထက်ပါဇယားတွင် တွဲဖက်လုပ်ငန်းလုပ်ကိုင်သည့် လူဦးရေစာရင်းအသေးစိတ်ကို ကောက်ယူရန်လိုအပ်ပါသေးသည်။

ကျေးရွာအိမ်ထောင်စုများမှာ ယာသီးနှံစိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ကိုင်သော်လည်း မိုးခေါင်၍ဝမ်းစာမဖူလုံသောကြောင့် မြေယာမဲ့ကျပန်းသမားများ၊ တောင်သူအချို့မှာ မိသားစုဝင်များမှာ တစ်နှစ်လျှင်(၈)လခန့် အခြားဒေသသို့ ထွက်အလုပ်လုပ်ကြပါသည်။ အချို့အိမ်ထောင်စုအများစုမှာ အထက်ဗန်းမော်၊ မြစ်ကြီးနား၊ မူဆယ်ဒေသများသွားကာ ကြိမ်ခုတ်ခြင်း၊ သင်ခုတ်ခြင်း၊ ငှက်ပျောထမ်းခြင်းအလုပ်များသွားလုပ်ပါသည်။ မိသားတစုလုံးထွက်သူများ ရှိသလို ယာလုပ်သူများမှတစ်ဦးနှစ်ဦး ထွက်သူများလည်းရှိပါသည်။ ရွာပြန်လာလျှင်လည်း ခုတ်လာသည့် သင်များကိုသင်ခွာ၍ သင်ပြူးဖျာယက်လုပ်ငန်း တရွာလုံးလုပ်ကြပါသည်။ တနှစ်ပတ်လုံး သင်ပြူးဖျာ ယက်လုပ်ငန်းလုပ်ပါသည်။

**၁.၃။သဘာဝအရင်းအမြစ်များ**

**၁.၃.၁။ စိုက်ပျိုးနိုင်သောမြေဧရိယာ**

ဇယား (၃) ကြီးမြို့နယ်၊ တောင်ကြားကျေးရွာ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)** |
|---|---|---|---|---|
| လယ်မြေ | ၇၉ | သင့် | အနည်းအကျဉ်း | ငွေသာဆည်ရေပိုလွှဲရေရ |
| ယာမြေ | ၁၀၀ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်းစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | ၂၅ | | | |
| သစ်တောမြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | ၂၀၄ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

ငွေသာဆည်နှင့်ကျေးရွာသည် (၂)မိုင်ခန့်ဝေးပါသည်။ ငွေသာဆည်မှ ဆည်ရေကို မိုးတွင်းကာလရေများချိန် ရေပိုလွှဲမှရေလွှတ်ပါသည်။ ဆည်မှလွှတ်သောရေကိုအောက်မှာ ရေကျ လာချိန်ကျေးရွာမှ တောင်သူများစုပေါင်း၍ ရေကိုဘောင်ပိတ်တားကာမိုးရာသီ မိုးစပါးစိုက်ရန် ဘောင်ထဲလှောင်ထားပြီး မြောင်းဖြင့်ရေသွယ်ယူ၍ စိုက်ပါသည်။ ရေလှောင်ထားသော မြေသား တာဘောင်မှာ ရေမှာမိုးရွာလျှင် မျောပါသွားကာနောက်ထပ်ပြန်ပိတ် ရပါသည်။ နှစ်စဉ်စပါးစိုက်ချိန် ယခုကဲ့သို့ ရေယူ၍စိုက်ပါသည် ဘောင်ခတ်လှောင်ရေကို မြောင်းပြုလုပ်ကာ ရွာဘေးသို့ သွယ်ယူပြီး စပါးစိုက်သဖြင့် ကျေးရွာသုံးရေလည်း ရပါသည်။

### ၁.၃.၂။ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့် | ရှိ (ကျောက်၊သဲ) | လက်လှမ်းမှီ |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရိစ္ဆာန်မျိုးစိတ်များ | သင့် | လက်လှမ်းမှီ |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | နွားစာအလွယ်တကူရ |

မြစ်နှင့်(၁)မိုင်သာဝေး၍ သဲကိုမြစ်မှသွားယူလျှင်ရနိုင်သကဲ့သို့ ရွာနားငွေသာချောင်းမှ ယူလျှင်လည်း ရပါသည်။ လမ်းခင်းကျောက်၊ အာလူးကျောက်များကို ရွာနားနီးမှ ကျောက်စရစ် တောင်မှ ရပါသည်။

### ၁.၄။ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) တောင်ကြားကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကအထက် | ၁၀–၅ဧကကြား | ၅ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | နံကပ်၊သွပ်မိုး | အုတ်ကာ၊ထရံကာ၊သွပ်မိုး | ထရံကာ၊သွပ်မိုး၊ သက်ကယ်မိုး | ထန်းရွက်မိုး၊ ဝါးကပ်ကာ၊မြေစိုက် |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| လုပ်ငန်းသုံး ကိရိယာ ပိုင်ဆိုင်မှု | လက်တွန်ထွန်စက်၊ လှည်း နွား၊ရေစုပ်စက် | လက်တွန်းထွန်စက်၊လှည်း၊နွား | လှည်း၊ နွားအချို့ရှိ | – |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ ဆိုလာမီး၊ရေခဲ သေတ္တာ၊တီဗွီ | ဆိုင်ကယ်၊ဆိုလာမီး၊တီဗွီ | ဆိုလာမီး၊ ဆိုင်ကယ်၊ စက်ဘီး | အချို့ ဆိုင်ကယ်၊စက်ဘီး |
| အဓိကစီးပွားရေးလုပ်ငန်း၊ | စိုက်ပျိုးရေး၊ကြိမ်၊ သင်ပြူးဖျာယက် | စိုက်ပျိုးရေး၊ ကြိမ်၊ သင်ပြူးဖျာယက် | တချို့စိုက်ပျိုးရေး၊ ကြိမ်၊ သင်ပြူးဖျာယက် | ကျပန်း၊ ကြိမ်၊ သင်၊ဝါး |
| **အိမ်ထောင်စု (၁၈၂)** | **၄(၂%)** | **၁၈(၁၀%)** | **၉၆(၅၃%)** | **၆၄(၃၅%)** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

## ၁.၅။ ထိခိုက်လွယ်မှု

### ၁.၅.၁။ ဝမ်းစာဖူလုံမှု

ဇယား (၆) တောင်ကြားကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၀၀ | ၅၅ | ပဲစဉ်းငုံ၊နှမ်း၊ကုလားပဲရိတ်သိမ်းပြီးလုပ်အားခငွေရသောကြောင့် တစ်လစာခန့်ဝမ်းစာအဆင်ပြေပြီး ကျန်အချိန်များတွင် နေ့စားကျပန်း လုပ်အားခဖြင့်သာ ဝမ်းစာဖြေရှင်းသည်။ အချို့ နေ့စားလုပ်သားများ တနေ့စာတနေ့ဝယ်စား၊ အလုပ်မရှိသော နေ့များတွင် ငွေတိုးယူခြင်း၊ ရွာတွင်းအိမ်ဆိုင်မှ ဆန်အကြွေးယူခြင်း၊ ဝါးတောင်းယက်လုပ်သော လုပ်ငန်းရှင်များထံမှ လုပ်အားခ ကြိုယူခြင်းစသည်ဖြင့် ဝမ်းစာဖြေရှင်းကြသည်။ |
| ၃ လ မှ ၅ လ အထိ | ၆၂ | ၃၄ | လယ်ပိုင်ဧကအနည်းငယ်ရှိသူများ ပဲစဉ်းငုံ၊ နှမ်းပေါ်ချိန် ရောင်းချပြီး ဆန်အနည်းငယ်ထားနိုင်ပြီး နောက်ပိုင်းနေ့စဉ်ဝယ်စားပါသည်။ သီးနှံကြိုတင်ရောင်းချခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| | | | ရရှိပါက အချို့စားစရိတ်နှင့်အချို့သွင်းအားစုထည့်သွင်ခြင်းဖြင့် ဖြေရှင်းသည်။ |
| ၆ လ မှ ၁၂ လ အထိ | ၂၀ | ၁၁ | ယာမြေ(၁၀)ကေပိုင်သော တောင်သူများ၊ မိမိယာထွက် ပဲစဉ်းငုံ၊ နှမ်း၊ ကုလားပဲကို ရောင်းချပြီး ဆန်တနှစ်စာ ဝယ်စားနိုင်၍ ဝမ်းစာဖူလုံကြသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

ကျေးရွာအိမ်ထောင်စုများ ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု(ဂ)အဆင့်မှ၁၀%၊ (ဃ)အဆင့်မှ၁၀%ကို တွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ယူပါသည်။ ကျေးရွာတွင် စပါးလယ်နှင့် ယာမြေ၁၀ကေနှင့်အထက် ပိုင်ဆိုင်သူအနည်းစုသာ မိမိလယ်မှထွက်သော စပါးကို တနှစ်လုံးသိမ်းပြီးစားရန် စပါးထားနိုင်ကာ ကျန်လယ်သမားအချို့နှင့် မြေယာမဲ့များမှာ ရက်အနည်းငယ်သာထားနိုင်ပြီး နောက်ပိုင်းတနေ့လုပ်အားခ တနေ့စားခြင်းဖြင့်သာ မိသားစု စားဝတ်နေရေးဖြေရှင်းကြရပါသည်။

### ၁.၅.၂။ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှုအထိုးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ်နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | – | ၁ | ၁ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစုစောင့်ရှောက်မှုရှိ | – | – | – |
| | | **အိမ်ထောင်စုအရေအတွက်** | | |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၂ | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | မရှိ | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | ၁ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

### ၁.၅.၃ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် | မိုးကိုအမှီပြုစိုက်ပျိုးရ၊မိုးခေါင်ခြင်းနှစ်စဉ်ကြုံရ၊ တခြားထွက်၍ လနှင့်ချီအလုပ်လုပ်ရ။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ…) | လတ် | စိုက်ပျိုးမြေ ရေရရှိ။ |
| ၃ | ရေကြီးခြင်း | နိမ့် | မြစ်နှင့် ၂မိုင်ဝေး။ |
| ၄ | မိုးခေါင်ခြင်း | မြင့် | နှစ်စဉ်မိုးခေါင်ခြင်းကြုံရ။စိုက်ချိန်နောက်ကျ၊ သီးနှံပွင့်ချိန်၊ သီးချိန်မိုးမရွာ |
| ၅ | မုန်တိုင်း | နိမ့် | |
| ၆ | ငလျှင် | နိမ့် | |
| ၇ | မီးဘေး | နိမ့် | |
| ၈ | ဆားငံရေဝင်မြေ | – | |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၀ | သစ်တောပြုန်းတီးခြင်း | နိမ့် | |
| ၁၁ | ငှက်ဖျားရောဂါ | လတ် | ငှက်ဖျားဒေသသွားအလုပ်လုပ်သူများ၊ ငှက်ဖျားဖြစ်သူများ |
| ၁၂ | တီဘီရောဂါ | နိမ့် | အစိုးရကျန်းမာရေးဆေးဝါးဖြန့်ဖြူး၊သံသယရှိသူကိုစစ်ဆေးပေး၊ဆေးဝါးအခမဲ့ပေးခြင်းရှိ ၊ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | HIVကူးစက်ခံရခြင်းလုံးဝ မရှိခဲ့ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | – | |
| ၁၅ | လူကုန်ကူးခြင်း | - | |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | – | |
| ၁၇ | အခြား | – | |

ရည်ညွှန်း….ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁၁ ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

## ၁.၅.၄။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | အခြားဒေသသို့အလုပ်သွားလုပ်ချိန်ပိုများ၊ငှက်ဖျားဒေသကိုတောထဲမှ(၈)လခန့် သွားနေရ၊အရက်စွဲခြင်း |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | လတ် | စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းနှင့်ကြုံတွေ့ရနိုင်မိသားစုလိုက်အလုပ်ထွက်လုပ်ရ။ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | လတ် | စိုက်ပျိုးရေး၊မွေးမြူရေးလုပ်သောဒေသဖြစ်ပြီးသီးနှံပိုးကျခြင်း၊တိရိစ္ဆာန်ရောဂါကျခြင်း၊ ဈေးနှုန်းမတည်ငြိမ်ခြင်းတို့ ကြုံတွေ့ရနိုင်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | မြစ်ကမ်းနားနှင့်(၂)မိုင်ဝေး |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | လတ် | မြွေအန္တရာယ်စိုးရိမ်ရ၊ ရွာတွင်းမှအဆိပ်ရှိမြွေများတွေ့ရ။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | နိမ့် | နေ့စဉ်ဝင်ငွေမရှိ၊စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းနှင့်ကြုံတွေ့ရနိုင်၊လနှင့်ချီ၍တခြားသွားလုပ်ရ။ရောဂါကူးစက်ခံရ။ |
| ၁၁ | လူနည်းစုလူမျိုးများ | – | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | – | |
| ၁၃ | နယ်စပ်ဒေသ | – | |
| ၁၄ | ရွှေတွင်းလုပ်သား | – | |
| ၁၅ | ဆေးစွဲသူများ | – | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | – | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | လှည့်လည်ဈေးရောင်းသူအနည်းငယ်ရှိ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ် /မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | မြင့် | နှစ်စဉ်(၈)လခန့်တခြားသွားလုပ်ရ။ တောထဲမှာနေရ၊ ရောဂါဖြစ်လျှင်ဆေးကုရန်မလွယ်။ |
| ၁၉ | ကားသမား | | |
| ၂၀ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ ရက်စက်တဘ်ာလ၊၂၀၁၅ခုနှစ်)

## ၂။ ကျေးလက်မိသားစုများ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## ၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### ၂.၁.၁။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်း မွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး သက်ဆိုင်ရာဌာနများ နှင့်အစီအစဉ်ကျသော မူဝါဒချိတ်ဆက် မှုများလုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | မိဘဆရာ အသင်း | ၂ | ၇ | | ၇ | စာသင်ကျောင်း ဆောင်ဆောက် လုပ်ခြင်း | ၄ | ၇ |
| ၂ | မီးသတ် | ၂ | ၆ | | ၆ | နွေရာသီမီးဘေး ကာကွယ်ရေး | ၄ | ၈ |
| ၃ | အမျိုးသမီး ဝတ်အသင်း | ၃ | | ၂၅ | ၂၅ | ဘာသာရေး | ၄ | ၆ |
| ၄ | ဖွံ့ဖြိုးရေး အထောက် အကူ | ၂ | ၃ | | ၃ | ကျေးရွာဖွံ့ဖြိုး ရေး | ၅ | ၇ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၅ | ကျန်းမာရေး | ၂ | ၃ | ၁ | ၄ | ကျေးရွာရေးပညာပေး | ၄ | ၈ |

ရည်ညွှန်း။ ။ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၁ ရက်စက်တဘ်ာလ၊၂၀၁၅ခုနှစ်)

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

## ၂.၁.၂။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Action aid | ၅ | ကျေးရွာဖွံ့ဖြိုးရေးအတွက်စီမံကန်းလုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ လူငယ်အချို့ကို သင်တန်းပေးခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၁ ရက်စက်တဘ်ာလ၊၂၀၁၅ခုနှစ်)

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**၂.၂။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**၂.၂.၁။ သီးနှံထုတ်လုပ်ရေး**

**၂.၂.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၂) တောင်ကြားကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၀ | ၆၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် (၁ဟတ်တာထိ) | ၃၈ | ၂၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ( ၅) ဧကထိ (၂ ဟတ်တာထိ) | ၂၅ | ၁၄ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား ( ၅ဟတ်တာထိ) | ၉ | ၅ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | | | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၁၈၂** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

### ၂.၂.၁.၂။အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) တောင်ကြားကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | | |
| ၂ | ရေလွှဲဆည် | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | |
| ၄ | ဆည်မြောင်း | | ၇၇ | မိုးရာသီ (ရေပိုလွှဲမှရေကို မြောင်းဖြင့်သွယ်ယူ၊ စပါး(၇၇)ဧကစိုက်ပျိုးခြင်း |
| ၅ | အဝီစိတွင်း | | | |
| ၆ | လက်ငင် ရေတွင်း | | | |
| ၇ | စိမ့်စမ်းရေ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

မိုးတွင်းကာလရေများချိန် ငွေသာဆည်မှလွှတ်သည့်ရေကို ကျေးရွာအနီးလယ်သမားအားလုံး စုပေါင်းကာအောက်မှကန်ဆင်းတုတ်ကာဆီး၍ ရေကိုလှောင်ပြီးသွယ်ယူ၍ စပါးစိုက်ကြပါသည်။ ကန်သင်းဘောင်မှာမြေသားဘောင်ဖြစ်၍ မိုးကြီးရွာလျှင်မျောပါသွားကာ နောက်တစ်ကြိမ်ထပ်မံပြု လုပ်ရပါသည်။ တနှစ်တွင် အကြိမ်ကြိမ်မြေသားဘောင်ဖို့ရေတားကာ စပါးစိုက်ပျိုးကြရပါသည်။

### ၂.၂.၁.၃။ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | | | | |
| စပါး | ၇၇ | တင်း | ၂၅ | ၅၀ | ၃၀ | ဝါဆို၊ ဝါခေါင် | လတ် | လတ် | မိုးခေါင် |
| ကုလားပဲ | ၅၆ | တင်း | ၇ | ၁၂ | ၁၀ | တန်ဆောင်မုန်း | လတ် | လတ် | ဈေးမကောင်း |
| နှမ်း | ၁၄ | တင်း | ၄ | ၈ | ၆ | ဝါခေါင်၊ တော်သလင်း | လတ် | နိမ့် | မိုးခေါင်လျှင်၊ ပိုးကျမျိုးပြန်မရ |

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ကြက်သွန် | ၃၂ | ပိဿာ | ၁၀၀၀ | ၅၀၀၀ | ၃၅၀၀ | တန်ဆောင်မုန်း၊နတ်တော် | လတ် | မြင့် | ပေါ်ချိန်ဈေးမကောင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ ရက်စက်တဘ်ာလ၊၂၀၁၅ခုနှစ်)

ကျေးရွာတွင် လယ်/ယာဧကစုစုပေါင်း(၂၁၂)ဧကရှိပါသည်။ စိုက်ပျိုးသီးနှံမှာ အဓိက စပါး၊ ကုလားပဲ၊ နှမ်း၊ ကြက်သွန်စိုက်ပြီး အချို့ဂျုံ၊ မြေပဲ၊ ပဲစဉ်းငုံများနှင့် သီးနှံစုံစိုက်ပျိုးကြပါသည်။ ငွေသာဆည်မှလွှတ်သောရေကို အောက်မှကန်သင်းပိတ်ကာရေယူပြီး မိုးစပါးစိုက်ပျိုးပါသည်။ မိုးရေကိုသာအမှီပြု စိုက်သောဒေသဖြစ်၍ နှစ်စဉ်မိုးခေါင်သောဒဏ်ကိုလည်း ခံကြရပါသည်။ ငွေသာဆည်မှလည်းရေများလျှင်သာ လွှတ်ပြီးရေနည်းလျှင်ရေမရပါ ။ ရေလွှတ်၍ ရေလာချိန်ဘောင်ကန်သင်းမှာလည်း မြေသားဘောင်ကန်သင်းဖြစ်၍ မိုးရွာလျှင် ပျောပါသွားကာ နောက်ထပ်ပြန်တင်ရပါသည်။ နှစ်စဉ်စပါး အောင်ရေရရန်မိုးရွာပါက မိုးရေနှင့်မိုးမရွာပါက ဆည်မှလွှတ်သောရေပိုလျှံရေကို အကြိမ်ကြိမ်ဘောင်တား၍ ယူရပါသည်။ စပါးစိုက်ချိန်ကုန်ကျစရိတ်မှာ လယ်စိုက်ခ၊ ပျိုးနှုတ်ခ မြေဩဇာဖိုးအပါတစ်ဧက (၆၅၀၀၀)ကျပ်ကုန်ကျပြီး ရိတ်သိမ်းခမှာ(၂၅၀၀၀)ကျပ်ကုန်ကျပါသည်။ စပါးပေါ်ချိန်စပါးဈေးမှာ တစ်တင်း(၅၀၀၀)ကျပ် ရောင်းရပါသည်။ ကုလားပဲ၊ ကြက်သွန်ကို တန်ဆောင်မုန်း၊ နတ်တော်လတွင် စိုက်ကာစိုက်စရိတ်မှာ ကြက်သွန်တစ်ဧကဥစိုက်လျှင် လူအယောက်(၃၅)ယောက် စိုက်ရပြီး အပင်စိုက်လျှင်လူ(၂၅)ယောက် စိုက်ရပါသည်။ လူတစ်ယောက်တနေ့နေ့စားခမှာ(၂၅၀၀)ကျပ် ပေးရပါသည်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဖိုးမှာ (၄၀၀၀၀)ကျပ်ခန့် ကုန်ပါသည်။ ကြက်သွန်နီတစ်ဧကလျှင် ပိဿာချိန်ပေါင်း (၃၅၀၀) ခန့်ထွက်ရှိ၍ ပေါ်ချိန်တစ်ပိဿာ(၂၃၀)ကျပ်သာရောင်းရ၍ အချို့နှစ်များအရှုံးပေါ်ပါသည်။ ကုလားပဲတစ်ဧက တင်း(၁၂)တင်းခန့်ထွက်၍ ပိုးသတ်ဆေးဖိုးမှာ (၄၀၀၀၀)ကျပ်ခန့်ကုန်ပါသည်။ ကုလားပဲတစ်ဧကတွင် တင်း(၁၂)တင်းခန့်ထွက်သော်လည်း ဈေးနှုန်းမှာ(၂၀၀၀၀)ကျပ်သာရောင်းရ၍ အမြတ်မကျန်မှုနည်းပါသည်။ နှမ်းစိုက်သော်လည်း ဓာတ်မြေဩဇာသုံးစွဲသောအလေ့နည်းပြီး ရိုးရာစိုက်ပျိုးနည်းနွားချေး၊ဆိတ်ချေး အနည်းငယ်သာ ထည့်နိုင်ခြင်း၊ သဘာဝမြေဆွေးပြုလုပ်လေ့မရှိခြင်း၊ သီးနှံပွင့်ချိန်၊သီးချိန်မိုးခေါင်ခြင်း ပိုးကျခြင်းတို့ကြောင့် နှမ်းမျိုးပင်ပြန်မရသည့် နှစ်များလည်းရှိပါသည်။ နှမ်းသီးနှံသည် သွင်းအားစုစရိတ် အလွန်ကုန်ကျမှုမရှိသော်လည်း မိုးခေါင်ဒေသဖြစ်၍ သီးနှံပျက်စီးခြင်း၊ ဈေးကောင်းမရခြင်းတို့ကြောင့် အမြတ်အစွန်းနည်းပါသည်။ နှစ်စဉ်မိုးခေါင်၍ သီးနှံပျက်ခြင်းတို့ကြောင့် တောင်သူများမှာလည်း ကျပန်းသမားများကဲ့သို့ သီတင်းကျွတ်လမှ ဧပြီလထိမြစ်ကြီးနား၊ ဗန်းမော်သို့ခရီးထွက်၍ ကြိမ်ခုတ်၊ သင်ခုတ်၊ ငှက်ပျောထမ်းကို စသောအလုပ်များကိုနှစ်စဉ်(၆)လခန့် သွားလုပ်ကြပါသည်။

### ၂.၂.၁.၄။ လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅)တောင်ကြားကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | – | | |
| ရိတ်သိမ်းစက် | – | | |
| လက်တွန်းထွန်စက် | ၅ | ပုဂ္ဂလိက | လယ်ထွန်ရန်သုံး၊ |
| ခြွေလှေ့စက် | | | |
| ရေစုပ်စက် | ၁၀ | | ပျိုးတောင်ကာလ မိုးမရွာလျှင်ရေတင်ပြီး ပျိုးထောင်သည်။ |
| ခြေနင်းရေတင်စက် | – | | |
| မျိုးစေ့ချစက် | – | | |
| မြက်ရိတ်စက် | – | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

ကျေးရွာတွင် လက်တွန်းထွန်စက်(၅)စီးရှိပြီး မိမိလယ်၊ယာထွန်ယက်ပြီးစီးချိန် ရွာတွင်း အခြားသူများ ယာခင်းများကို လယ်ရှင်မှစက်သုံးဆီထည့်ပေးလျှင် တစ်နာရီ(၃၀၀၀)ကျပ်ပေးရကာ အငှားလိုက်၍ ထွန်ပေးပါသည်။ရေစုပ်စက်မှာလည်းအငှားလိုက်မောင်းပေးပါသည်။

### ၂.၂.၁.၅။ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ) | ရှိ | မိမိယာနားနီးတောင်စောင်းများထပ်ချဲ့ရနိုင်၊ မြေမကောင်း |
| ရေအရင်းအမြစ် | ရှိ | မြေအောက်ရေနှင့်ချောင်းသာဆည်မှလွှတ်သောရေ၊ ရေချို |
| သဘာဝမြေဆွေး၊ သြဂဲနစ် | ရှိ | ဆိတ်ချေး၊ နွားချေး၊ သစ်ရွက်ဆွေး |
| သြဂဲနစ်ပိုးသတ်ဆေး | မရှိ | ဓာတုပိုးသတ်ဆေးသာသုံး |
| ချေးငွေရရှိမှု | ရှိ | သမ၊ စိုက်ဘဏ် |
| သွင်းအားစုဈေးကွက် | ရှိ | ဆားလင်းကြီးမှဝယ်ရနိုင်။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | ဌာနဆိုင်ရာများနှင့်ချိတ်ဆက်မှုမရှိ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | မုံရွာတက်ရောင်းနိုင် |
| အခြား(၁) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

ကျေးရွာရှိတောင်သူများမှာ ငွေသာဆည်မှရေရနိုင်သော်လည်း ဆည်မြောင်းဦးစီးဌာနမှ ရေမြောင်းနှင့်ပေးသောဆည် ရေမရရှိပါ။ ဆည်ရေပိုလျှံ၍လွှတ်သောရေကိုသာယူပြီး စပါးစိုက်ရပါသည်။ သီးနှံစုံစိုက်ပျိုးနိုင်သော်လည်း ရေလုံလောက်အောင်မရရှိပါ။ သီးနှံဈေးကွက်မှာလည်း အချိန်နှင့်တပြေးညီမသိနိုင်ပါ။ လမ်းပန်းဆက်သွယ်ရေးဝေးခြင်း၊ ကျေးရွာမှသီးနှံသယ်ပို့ရန် ယာဉ်မလုံလောက်ခြင်းတို့ကြောင့် သီးနှံများအချိန်မှီမရောင်းနိုင်၍ ဈေးကောင်းမရပါ ။ ဌာနဆိုင်ရာများနှင့်လည်း ချိတ်ဆက်မှုအားနည်းပါသည်။ ပိုမိုချိတ်ဆက်ပေးရန် လိုအပ်ပါသည်။

## ၂.၂.၁.၆။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | တိုးချဲ့စရာမြေမိမိယာနားရှိသော်လည်း မြေဆီ၊ မြေနှစ်ပြည့်သောမြေမဟုတ် စိုက်ပျိုးလျှင် သီးနှံမကောင်း ဓာတ်မြေဩဇာထည့်နိုင်မှကောင်း၊ တောင်သူများမှာ ဓာတ်မြေဩဇာသုံးစွဲနိုင်ခြင်းမရှိပါ။ |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | လယ်စပါး စစိုက်နေသော်လည်း စိုက်ဘဏ်မှချေးငွေမှာ လယ်ချေးငွေမရဘဲ ယာသီးနှံအနေနှင့်သာ တစ်ဧက(၂၀၀၀၀)ကျပ်ငွေရ၍ စိုက်စရိတ်အရင်းအနှီး မလုံလောက်ပါ။ |
| သွင်းအားစုတတ်နိုင်မှု | ရှိ | နွားချေး၊ ဆိတ်ချေးရှိသော်လည်း အရင်းနှီး ဈေးမြင့်၍မတတ်နိုင်ပါ။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | မိုးခေါင်၍ရွာတွင်းအလုပ်ကိုင်ရှားပါးကာ သီးနှံမရ၍ ရွာမှအိမ်ထောင်စုအားလုံးနီးပါးမှ မိသားစုတစုလုံး၊ အချို့မှမိသားစုဝင်(၂/၃)ဦးခန့် အခြားဒေသထွက်လုပ်နေ၍ သီးနှံသိမ်းချိန်အလုပ်သမားရှားကာ လုပ်သားဈေးများမြင့်။ |
| ဆည်မြောင်းရေရရှိမှု | ရှိ | အထက်မှငွေသာဆည်ရှိသော်လည်း မြောင်းမရှိ၍ပိုလျှံရေသာ ရရှိ။ |
| မိုးရေမလုံလောက်မှု | ရှိ | နှစ်စဉ်မိုးခေါင်၊ ယခုနှစ်ဆိုလျှင်နှမ်းမျိုးပင်ပြန်မရ၊ |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု | မရှိ | ရိုးရာအတိုင်းအချိန်မှီသုံး |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | ရောဂါအမည်မသိ၊ ပိုးသတ်ဆေးများလည်း ကြုံသလိုသုံး၊ ဌာနနှင့်ချိတ်ဆက်မှုမရှိ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | ဌာနဆိုင်ရာမှပညာပေးမှုများမရရှိ |
| ဈေးကွက်လက်လှမ်းမှီမှု | ရှိ | ဈေးကွက်အချိန်မှီမသိနိုင်ပါ။ |
| အစိုးရမူဝါဒနှင့်အစီအစဉ် | ရှိ | သီးနှံပေါ်ချိန်ဈေးကျ၊သီးနှံဈေးနှုန်းအာမခံချက်မရှိ သေးပါ |
| အခြား(၁) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၁ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

## ၂.၂.၂။ မွေးမြူရေးလုပ်ငန်း

### ၂.၂.၂.၁။ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၀၄ | ခိုင်းနွား(၉၂)ကောင်နှင့်လက်ဆွဲနွား(၂၀)ခန့်၊စပါးလယ်ထွန်၊ လှည်းဆွဲကောက်လှိုင်းသယ် |
| မြင်း | | |
| ကျွဲ | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၆ | ဆိတ်တအုပ်(၄၀)ကောင်ခန့်စုစုပေါင်း(၂၅၀)ကောင် |
| သိုး | ၅ | (၂၀၀)ကောင် |
| ဝက် | ၃၀ | ဒေသဝက်မျိုးမွေး |
| ကြက် | | |
| ဘဲ | | |
| အခြား | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |

ရည်ညွှန်း။ ။ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ရက်စက်တဘ်ာလ၊၂၀၁၅ခုနှစ်)

ကျေးရွာတွင် နွားကောင်ရေ(၁၁၂)ကောင်ရှိပြီး လယ်ယာမြေ ထွန်ယက်ရာတွင် အသုံးပြုရန်သာမွေးကြပါသည်။ နို့စားနွားအဖြစ်မမွေး၊ နွားပိုက်လက်ဆွဲ၊ခိုင်းနွားငယ်များသာမွေးကြပါသည်။ လက်ဆွဲနွားမွေးရန်တစ်ကောင်လျှင် (၃၀၀၀၀၀) ကျပ်ပေးရပြီး နှစ်နှစ်ခန့်ကျွေးပြီး ပြန်ရောင်းပါက (၆)သိန်းခန့်ရနိုင်ပါသည်။ ဆိတ်၊ သိုးမွေးသူ(၁၁)ဦးရှိပြီး သိုး၊ ဆိတ်အကောင်ရေ(၄၅၀)ကျော် ရှိပါသည်။ ဆိတ်မွေးသူတစ်ဦးလျှင် အကောင်(၄၀)ကျော်ခန့်ရှိပါသည်။ သိုးမှာတနှစ်တစ်သားကျပြီး ဆိတ်မှာ တစ်နှစ်နှစ်သားကျပါသည်။ မွေးဆိတ်တစ်ကောင်ဆိတ်မကြီးတစ်ကောင် ဝယ်လျှင် (၆၀၀၀၀)ကျပ် ခန့်ပေးရပါသည်။ အနည်းဆုံး (၁၀) ကောင်ရှိမှ စားကျက်ကျောင်းရ အဆင်ပြေပါသည်။ ဆိတ်မှာ အစာဖိုးမကုန်ပါ။ မနက်တခါညနေတခါ တောလွှတ်ကျောင်းခြင်း၊ သီးနှံသိမ်းချိန် ယာခင်းများထဲ ကျောင်းရပါသည်။ တစ်နှစ်ခွဲခန့်ရှိ၍ပြန်ရောင်းပါက တစ်ပေါင်လျှင်(၁၀၀၀)ကျပ်ဖြင့် ဆိတ်တစ်ကောင်လျှင် ပေါင်(၆၀)ခန့်ရှိ၍ (၆၀၀၀၀)ဝန်းကျင်ရရှိပါသည်။ ဆိတ်မွေးမြူရေး အဆင်ပြေသော်လည်း အရင်းအနှီးမရှိသောကြောင့် လူတိုင်းမမွေးနိုင်ပါ။ ဝက်ကိုဒေသဝက်မျိုး တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါသည်။ စီးပွားဖြစ်မမွေးကြပါ။

### ၂.၂.၂.၂။ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

ဇယား (၁၉) တောင်ကြားကျေးရွာ၏ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | သီးသန့်စားကျက်မြေမရှိ၊ တောင်ကုန်းနှင့်ယာကြားကျောင်းနိုင် |
| ရေရရှိမှု | တစ်နှစ်ပါတ်လုံးမြေအောက်ရေရရှိ၊ ချောင်းရေရှိ |
| တိရိစ္ဆာန်မျိုး | ကျေးရွာတွင်း သိုး၊ဆိတ်အဓိကမွေး၊ ရွာနားနီးမှရနိုင် |
| ဈေးငွေ | ပုဂ္ဂလိကချေးငွေရနိုင် |
| သွင်းအားစုဈေးကွက် | တိရိစ္ဆာန်အတွက် လိုအပ်သောဆေး/အလွယ်တကူရနိုင်သည်။ ဆိတ်၊သိုးမှ အစာဖိုးမကုန်။ |
| ဝန်ဆောင်မှုဈေးကွက် | ငါးခုံ၊ညောင်ပင်ကိုင်းမှရောဂါဖြစ်မှခေါ်ထိုး။ |
| ထုတ်ကုန်ရောင်းဝယ်မှု | ဝယ်သူရွာထိ လာဝယ်အလွယ်တကူရောင်းနိုင်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | စီးပွားဖြစ်မွေးရန်နှင့်တနိုင်တပိုင်ဝက်မွေးရန်နေရာရှိ။ |
| အခြား(၁) | |
| အခြား(၂) | |
| အခြား(၃) | |

ရည်ညွှန်း…ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

### ၂.၂.၂.၃။ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမှီမှု | လက်လုပ်လက်စားဆင်းရဲသော အိမ်ထောင်စုများအတွက် ချေးငွေ သီးသန့်မရရှိခြင်း။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | မွေးမြူရေးအသိပညာဗဟုသုတမရှိ။ |
| သွင်းအားစုဈေးကွက် | ကာကွယ်ဆေးများအလွယ်တကူမရနိုင်ခြင်း၊သီးသန့်ထုတ်ပိုး ရောင်းချသော အစာများအလွယ်တကူမရနိုင်ခြင်း |
| ဝန်ဆောင်မှုဈေးကွက် | တိရိစ္ဆာန်ရောဂါကာကွယ်ရေးဆေးထိုးပေးခြင်းဝန်ဆောင်မှုမရှိ၊ ရောဂါဖြစ်လျှင် တခြားရွာမှခေါ်ရ၊ ကျွမ်းကျင်သူမဟုတ်အရပ်ထဲမှ နားလည်ကျွမ်းကျင်သူ |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | ရောဂါကျလျှင်ဈေးနှိမ်ဝယ်သည်။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | ရောဂါကြိုတင်ကာကွယ်ရေးအသိပညာနည်း၊ အစီအစဉ်မရှိ၊ ဌာနမှလည်းပုံမှန်အသိပညာပေးအစီအစဉ်များမရရှိခြင်း။ |

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမှီမှု | |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | |
| အရင်းအနှီးလက်လှမ်းမှီမှု | |
| အခြား | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ရက်စက်တဘ်ာလ၊၂၀၁၅ခုနှစ်)

## ၂.၂.၃။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### ၂.၂.၃.၁။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) တောင်ကြားကျေးရွာ၏စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၅၂ | | | နိမ့်၊သင်ပြုူးဖျာယက်လုပ်ခြင်းနှင့်ထန်းလျက်ချက်ခြင်း |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | ၅ | | | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ) | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၅ | | | လတ် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်း အပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်း | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အခြားအငှားလိုက်လုပ်ငန်းများ | | ၃၆ | | ကြုံရာကျပန်းလုပ်ကိုင်ကြသည် |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၉၈** | | | |

**အထက်ပါတို့တွင်**

- **လုပ်ငန်းတည်ထောင်လုပ်ကိုင်သူဦးရေ ၅၇**
- **ကျွမ်းကျင်လုပ်သားဦးရေ ၅**
- **သာမန်နေ့စားလုပ်သားဦးရေ ၃၆**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

**စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ**

ဇယား(၂၂)စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ပြဿနာနှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| သင်ပြုုးဖျာယက်လုပ်ခြင်း | အရင်းအနှီးမရှိ |
| ထန်းတောရှိပြီးထန်းတက်နိုင် | ထန်းလျှက်ဈေးကွက်ဝင်အောင်မလုပ်နိုင်ခြင်း |
| ဆိုင်ကယ်ပြုပြင်ခြင်း | ပြင်မည့်သူနည်းခြင်း၊နေ့စဉ်ဝင်ငွေစားလောက်အောင်မရ |
| သင်ပြုုးဖျာအဝယ်ဒိုင်လုပ်နိုင်ခြင်း | အရင်းအနှီးမရှိခြင်း |
| ထန်းမြစ်လုပ်ပြီးရောင်းနိုင် | ဈေးကွက်ဝင်အောင်ချိတ်ဆက်မှုမရှိခြင်း |
| သီးနှံအဝယ်ဒိုင်လုပ်နိုင် | အရင်းအနှီးမရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၁ရက်စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

## ၂.၃။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) တောင်ကြားကျေးရွာ၏ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ဆားလင်းကြီးမြို့ (၈)မိုင် | မုံရွာမြို့ (၁၆)မိုင် |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏အထောက်အပံ့များ | စက်ဘီး ၊ ဆိုင်ကယ် ၊ | ကား၊ ဆိုင်ကယ် ၊မော်တော် |
